လက်ပန္တယ်ကျေးရွာ

ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ – ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လက်ပန္တယ်ကျေးရွာ၊ ပွင့်ဖြူမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ

## မာတိကာ


စကားချီး

သရက်အုပ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပွင့်ဖြူမြို့နယ်

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

၁။ နိဒါန်း

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ပထဝီဝင်အနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ ) သဘာဝအရင်းအမြစ်

၃။ ပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ ) အကောင်အထည်ဖော်နည်းဗျူဟာ

၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

၅။ ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

၆။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ )ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ငွေကြေးဆိုင်ရာအစီအစဉ်များ

၇။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အထောက်အကူပြုဇယားများ**

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထားများ

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စု

ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်အုပ်စု

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှုများ
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား၊ မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)**

**နောက်ဆက်တွဲ (၃) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

**နောက်ဆက်တွဲ (၄) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း**

**ကိုးကားစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ခုနှစ် ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ကနဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်းမြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင် ကျေးဇူးတင်ရှိပါသည်။ အရေးအကြီးဆုံး အချက်အလက်များနှင့် အကြံညဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လက်ပန္နယ်ကျေးရွာ
ပွင့်ဖြူမြို့နယ်

လက်ပန္ဒယ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပွင့်ဖြူမြို့နယ်



## အပိုင်း(က)　　ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါ သည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါ သည်။

ကျွနုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွနုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရောဝတီမြစ်၏ အနောက်ဘက်ခြမ်း၊ မင်းဘူး-ဆိပ်ဖြူကားလမ်းနံဘေးတွင် တည်ရှိပြီး မုန်းချောင်းကမ်းပါးဘေးတွင် တည်ရှိရာ အုပ်ချုပ်ရေးရုံးစိုက်ရာမြို့ပွင့်ဖြူမြို့နှင့် သွားလာရ လွယ်ကူပါသည်။ကျွနုပ်တို့ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ သို့သော် တစ်ပိုင်တစ်နိုင် ကြက်၊ဝက်၊နွား၊ဆိတ်တို့ကို တွဲဖက်မွေးမြူပါသည်။ဒေသစိုက်ပျိုးရေးအတွက် လိုအပ်သောရေကို မုန်းချောင်းတမံမှ လုံလောက်စွာ ရရှိပါသည်။ လယ်ယာမြေများသည် စပါး၊ပဲ၊နှမ်းတို့ကို အဓိကစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုပါသည်။၂၀၁၅ခုနှစ် ဩဂုတ်လက လက်ပန္နယ်ကျေးရွာ စိုက်ပျိုးမြေအားလုံး ရေကြီးရေလွှမ်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို ခံစားခဲ့ရပါသည်။

## (ခ) သဘာဝအရင်းအမြစ်

ကျွန်ုပ်တို့ ကျေးရွာရှိ စိုက်ပျိုးမြေများသည် မြေဆီ အသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာတွင် သဘာဝ သယံဇာတ မထွက်ရှိပါ။ ဆည်ရေလုံလောက်စွာ ရရှိသဖြင့် မြေအောက်ရေ အသုံးပြုရမှု မရှိပါ။ကျွန်ုပ်တို့ ကျေးရွာရှိ စိုက်ပျိုးမြေကော လယ်မြေ(၄၅၂.၆၁)ကော၊ကိုင်းကျွန်းမြေ(၁၆၆.၇၈)ကော ရှိပြီး စပါး၊နှမ်း၊ပဲတို့ကို အဓိက စိုက်ပျိုးပါသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

ကျွန်ုပ်တို့ရွာတွင် အိမ်ထောင်စုပေါင်း(၃၂၂)စုရှိပြီး ကျား(၅၆၉)၊မ(၆၆၀)ဦးဖြင့်လူဦးရေပေါင်း (၁၂၂၉)ရှိ၍ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှနှုန်း (၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၆၉ ရာခိုင်နှုန်းခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၅၂%ပိုများသည်။အလုပ်မလုပ်နိုင်သော သက်ကြီးရွယ်အို ကျား/မပေါင်း (၁၄၆)ဦးရှိပြီး ၁၂%ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲ၊ချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၁၆၃)အိမ် ၅၁ ရာခိုင်နှုန်းသည် အလွန်ဆင်းရဲသော အိမ်ထောင်စု ဖြစ်ပြီး၊အိမ်ထောင်စု(၇၀)အိမ် ၂၂ ရာခိုင်နှုန်းသည် ဆင်းရဲသော အိမ်ထောင်စုများဖြစ်ပါသည်။အိမ်ထောင်စု (၇၁)အိမ် ၂၂ ရာခိုင်နှုန်းသည် အလယ်အလတ် အိမ်ထောင်စုများဖြစ်ပါသည်။ချမ်းသာသော အိမ်ထောင်စုသည် (၁၈)အိမ်မျှသာရှိပြီး ၆ရာခိုင်နှုန်း ရှိပါသည်။ ကျေးရွာ၏ လယ်ယာမြေပိုင်ဆိုင်မှု လက်လှမ်းမှီမှု လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် စီးပွားရေး အနေအထားမှာ အသင့်အတင့်သာရှိသည်ဟု ပြောနိုင်ပါသည်။ချမ်းသာသော အိမ်ထောင်စုများမှအပ အခြားလယ်သမား အိမ်ထောင်စုအချို့မှာ ဝက်၊ကြက်၊နွားတို့ကို တွဲဖက် မွေးမြူကြပါသည်။ကျေးရွာရှိ အစိုးရဝန်ထမ်းအချို့သည်လည်း ငွေရေးကြေးရေးအသင့်အတင့်အဆင် ပြေကြပါသည်။ကျေးရွာတွင်း အိမ်ထောင်စုများတွင် အလွန်ဆင်းရဲသူအများဆုံးဖြစ်ပြီး မြေယာအနည်းငယ် ပိုင်ဆိုင်သော လယ်သမားများ၊လက်လုပ်လက်စားကျပန်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းလုပ်သားများ မြေယာမဲ့ အိမ်ထောင်စုများပါဝင်ပါသည်။ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက် မြင့်မားပြီး (၁၈၉)အိမ် ၅၉ရာခိုင်နှုန်း အထိရှိကာ ဆင်းရဲနှင့်အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျွန်ုပ်တို့ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း အချိုးမှာ ရာသီအလိုက် လယ်ယာလုပ်ငန်းများ၊ လက်သမားလုပ်ငန်းများ၊ လက်လီဈေးဆိုင်များ၊ခေါင်းရွက်ဗြတ်ထိုးဈေးသည်များ၊ ဆန်ကြိတ်စက်လုပ်သားများအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ကြပြီး အချို့မှာ မြို့ကြီးပြကြီးများသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ၏ အိမ်ထောင်စု ၃၀ရာခိုင်နှုန်း ဖြစ်သော (၂၁)စုကို လေ့လာဆန်းစစ်မှုအရ ၎င်းတို့၏ ၁၀ရာခိုင်နှုန်းမှာ သူတစ်ပါးထံ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ပြီး ၂၀ရာခိုင်နှုန်းမှာ သူတစ်ပါးထံမှ မချေးငှားဘဲ ၃လခန့် စားသုံးနိုင်ကြ သည်။ ၅၅ရာခိုင်နှုန်းမှာ ၃လမှ ၅လခန့်၊ ၁၅ရာခိုင်နှုန်းမှာ ၆လမှ ၁၂လခန့် သူတစ်ပါးထံမှ ချေးငှားစရာ မလိုဘဲ စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၅၀၀၀၀/-မှ ၁၀၀၀၀၀၀/-ထိ တင်ရှိနေကြပါသည်။

အိမ်ထောင်စု အားလုံး၏(၅၉)စု ၁၈%သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုများပြားကြသည်။မုဆိုးဖို၊ တစ်ခုလတ်ဦးဆောင်သော အိမ်ထောင်စုမှာ (၁၀)အိမ် ၃% မှာ ဆင်းရဲပြီး ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစု စောင့်ရှောက်မှု မရှိသည့် သက်ကြီးရွယ်အို (၇)ဦးတို့ ရှိပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျွန်ုပ်တို့ ကျေးရွာတွင် ရွာသူရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရဓါတ် ပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုသည်လည်း ကျန်းမာကြသည်။သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်တွင် ပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်းရှိ လူကြီးလူငယ်အမျိုးသား အမျိုးသမီးတို့သည် တစ်ကိုယ်ရေ သန့်ရှင့်ရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ကျေးရွာတွင် အခြေခံ စောင့်ရှောက်မှုအနေဖြင့် ကျေးရွာနှင့် (၃)မိုင်ကွာဝေးသော မြို့နယ်ဆေးရုံ၊ကိုယ်ပိုင်ဆေးခန်းများ၊ဆေးဆိုင်များကို အလွယ်တကူ သွားလာနိုင်၍ လက်လှမ်းမှီမှု ရှိပါသည်။ကျွန်ုပ်တို့ ကျေးရွာတွင် လက်နှိပ်တုံကင်များ၊ မော်တာသုံးတုံကင်များရှိပြီး မြေအောက်ရေကို လွယ်ကူစွာ ရရှိနိုင်၍ ဝမ်းပျက်ဝမ်းလျှော ၊တိုက်ဖွိုက်၊ အစာအိမ်ရောင် စသော ရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်း သိရှိရပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျွန်ုပ်တို့ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသူရွာသားအများစုသည် အခြေခံ အရေးအဖတ် အတွက်တို့ကို တတ်မြောက်ကြပြီး အထက်တန်းအောင်နှင့် ဘွဲ့ရ အရေအတွက်သည် အသင့်အတင့်သာ ရှိပါသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲတွင် တက်ရောက်နိုင်ပြီး အလယ်တန်း၊အထက်တန်းကို ရွာနှင့် (၂)မိုင်ခန့်ကွာဝေးသော အရပ်သို့ သွားရောက်သင်ယူရပါသည်။ သို့သော် အသက်မွေးဝမ်းကြောင်း ပညာကျွမ်းကျင်မှုမှာ နိမ့်ကျဆဲ ဖြစ်ပြီး လူငယ် ၊လူရွယ်များအတွက် အလုပ်ကိုင် အခွင့်အလမ်းနည်းပါးလျက်ရှိပါသည်။

**(စ) ကျား/မရေးရာကိစ္စဆိုင်ရာ**

ကျွန်ုပ်တို့ကျေးရွာ၌ ကျား/မရေးရာကိစ္စများတွင် လွတ်လပ်မှုရှိပါသည်။ ကျား/မ ရေးရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာ လူ့အဖွဲ့အစည်း၏ ဓလေ့စရိုက် စံနှုန်းများဖြင့် ကောင်းစွာ သတ်မှတ်ထားပါသည်။ ကျား/မ ရေးရာ ကိစ္စများတွင် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မရှိပါ။ ကျေးရွာအတွင်းရှိ အမျိုးသား/အမျိုးသမီးများသည် အခွင့်အရေးတန်းတူရှိကြောင်း တွေ့ရှိရပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းတွက်ချက်မှုအရ မူလတန်း၊အလယ်တန်းတို့၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်နှင့် ကွာခြားမှု မရှိသော်လည်း အထက်တန်းနှင့်ဘွဲ့ရ အရေအတွက်တွင် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုမိုများပြားနေပြီး အမျိုးသမီးများမှာ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။ သို့သော် ကျေးရွာအတွင်း၌ နေ့စားခ လုပ်အားခ ကြေးငွေရရှိမှုမှာ အမျိုးသားများက ပိုမိုရရှိကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍတွင် အမျိုးသမီးများ မပါဝင်သော်လည်း ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ ၊ဘာသာရေးအဖွဲ့၊ကျန်းမာရေးအဖွဲ့အစည်းတို့တွင် အမျိုးသမီးများ ပါဝင်ကြောင်း သိရှိရပါသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျွန်ုပ်တို့ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်း(၃)ဖွဲ့ ၊ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့ (၂)ဖွဲ့၊စီးပွားရေးဆိုင်ရာ အဖွဲ့(၁)ဖွဲ့ရှိပါသည်။ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အမျိုးသမီးအဖွဲ့မှာ ဆောင်ရွက်မှု အားနည်းပါသည်။ကျန်းမာရေး အထောက်အကူပြုအသင်းမှာ ကျန်းမာရေးကိစ္စများ၊လူမှုရေးကိစ္စများတွင် အားတက်သရော လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာအသေး စားငွေချေးအဖွဲ့အစည်းကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစား ငွေချေးလုပ်ငန်းကိုလည်းပတ် ဆောင်ရွက်လျက်ရှိပါသည်။ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက် ဆောင်ရွက်မှု အားနည်းကြောင်း တွေ့ရသည်။

**(ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျွန်ုပ်တို့ကျေးရွာတွင် ရာသီအလိုက် စပါး၊ပဲနှင့် နှမ်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။ ကိုင်း၊ကျွန်းမြေများတွင် မတ်ပဲ၊ ထောပတ် ၊ပြောင်းတို့ကို အဓိက စိုက်ပျိုးကြပါသည်။ လယ်မြေစိုက်ဧက (၄၅၇.၆၁) ဧက ရှိပြီး ကိုင်းကျွန်းမြေ စိုက်ဧက မှာ (၁၆၆.၇၈)ဧက ရှိပါသည်။ စပါးစိုက်ပျိုးရာတွင် လိုအပ်သောရေကို မုန်းချောင်း မဲဇလီရေလွှဲဆည်မှ ရရှိ၍ ရေသွင်းစိုက်ပျိုးပါသည်။ စိုက်ပျိုးရေးဌာနမှ နည်းပညာ ဝန်ဆောင်မှု အားနည်းခြင်း၊ စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများနှင့် လက်လှမ်းမှီမှုများအားနည်းပါသည်။ လယ်သမားအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို လုပ်အားခ ပိုမိုပေးမှ အလုပ်သမားငှါးရမ်းရရှိကာ ကုန်ကျစရိတ် မြင့်မားပါသည်။အချို့တောင်သူများသည် အလုပ်သမား ရှားပါးမှုနှင့် ကုန်ကျစရိတ် မြင့်တက်မှုကို ကျော်လွှားနိုင်ရန် စပါးစိုက်ပျိုးရာတွင်ကြဲပက်စနစ်ကို အသုံးပြုကြသည်။ တောင်သူများအနေဖြင့် သီးနှံဖျက်ပိုးများရောဂါကျရောက်ခြင်းများကို ကာကွယ်ကုသရန် ပိုးသတ်ဆေးများကို အလွယ်တကူဝယ်ယူအသုံးပြုနိုင်သော်လည်း ဈေးနှုန်းကြီးမြင့်မှုများရှိကြောင်း တွေ့ရှိရပါသည်။

ဝက်မွေးသူ အိမ်ထောင်စုမှာ တစ်ရွာလုံးတွင် (၅၉)စု ၁၈%သာရှိပြီး ဝက်မျိုးများကို မွေးမြူကြပါသည်။ကြက်မွေးသည့် အိမ်ထောင်စုမှာ(၁၄၃)စုရှိပြီး ၄၄% ရှိပါသည်။ဒေသကြက်မျိုးများကိုသာမွေးမြူပြီး တစ်ပိုင်တစ်နိုင်မွေးမြူခြင်းသာ ဖြစ်ပါသည်။ရာသီကူးပြောင်းကာလများတွင် တိရစ္ဆာန်များတွင် ရောဂါများ ကျရောက်ခြင်းကြောင့် သေဆုံးမှုများ ရှိတတ်ပါသည်။ နည်းပညာ ဝန်ဆောင်မှုများကို မြို့နယ်မွေးမြူရေးဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် နည်းပညာဖြန့်ဝေမှု အားနည်းပါသည်။မွေးမြူရေးဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများမှ မွေးမြူရေးလုပ်ငန်းတည်ထောင်ရန်၊တိုးချဲ့ရန် ချေးငွေများ အလွယ်တကူ မရရှိနိုင်ပါ။ရွာထဲမှ ချေးယူသော်လည်း အတိုးနှုန်းမြင့်မားပါသည်။

**(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျွန်ုပ်တို့ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ ၊အိမ်ဆိုင်များ၊ခေါင်းရွက်သည်များ၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ပါသည်။လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် အလုပ်အကိုင်များပြီးဆန်စက်များတွင် အနည်းငယ်လုပ်ကိုင်ကြပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းသည် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။မြို့ပေါ်တွင် အသက်မွေးမှုသင်တန်းအနည်းငယ်ရှိပါသည်။သို့သော် သင်တန်းစရိတ်မတတ်နိုင်သောကြောင့် တက်ရောက်နိုင်မှုမရှိပါ။ သင်တန်းခ မပေးရသော မော်တော်ဆိုင်ကယ်၊ကားဝပ်ရှော့တို့မှာ စေတနာထား သင်ယူပေးမှုအားနည်းသောကြောင့် တက်ရောက်မှုမရှိပါ။လုပ်ငန်းခွင်သုံး ပညာရပ်များတွင်လည်း နိမ့်ကျလျက်ရှိပါသည်။ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သော အပ်ချုပ်သင်တန်းများသို့ အကုန်ကျခံပို့လွှတ်သင်ကြားကြပါသည်။

**(ဃ) သဘာဝပတ်ဝန်ကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျွန်ုပ်တို့ကျေးရွာရှိ စိုက်ပျိုးမြေများတွင် ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးဓါတုဆေးများသုံးစွဲမှုများသောကြောင့် မြေဆီလွှာ အရည်အသွေးကျဆင်းလာပါသည်။စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုပိုင်းတွင် ပလပ်စတစ်များ၊ပုလင်းခွံများ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

ကျွန်ုပ်တို့ကျေးရွာသည် သဘာဝဘေးန္တရာယ်များ မကြာခဏဖြစ်ပေါ်တတ်သောကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ခြင်း သင်တန်းများ ပို့ချပေးသင့်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတောင်သူများအနေဖြင့် စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသောငွေကို အတိုးနှုန်း သက်သာစွာဖြင့် တစ်ဧကကို တစ်သိန်းခွဲ ထုတ်ချေးပေးပါသည်။ပြင်ပအဖွဲ့အစည်းများမှလည်း ကျေးရွာတွင်း၌ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းပေးပြီး ငွေချေးခြင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။စည်းကမ်းပိုင်း အထူးတင်းကြပ်မှုရှိပါသည်။အချို့သော အိမ်ထောင်စုများမှာ ကျေးရွာအတွင်း ငွေတိုးချေးသူထံမှ တစ်နှစ်အတိုးနှုန်း (၆၀%)ဖြင့် ချေးယူနိုင်ကြသည်။

ရွာသူရွာသားများသည် ချေးငွေကို အကြောင်းအမျိုးမျိုးဖြင့် ချေးယူကြပြီး အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ငွေကြေးလိုအပ်ချက် ကြီးမားကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင်း၌ အကြွေးတင်ရှိမှု ဆန်းစစ်ချက်အရ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု အားလုံးသည် အကြွေးယူထားပြီး (၅၀၀၀၀)မှ (၁၀၀၀၀၀၀)ထိ ချေးယူထားကြောင်း တွေ့ရသည်။ကျေလွယ်ဆပ်လွယ် ပက်ခ် ငွေချေးအဖွဲ့အစည်းများကြောင့် ကြွေးချေးသူ များပြားကြောင်းတွေ့ရပါသည်။

**(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်ကျင်သန့်ရှင်းရေး**

ကျေးရွာတွင်းရှိ မူလတန်းကို အလျား ၁၀၀ ပေ၊အနံ ၃၀ ပေ၊အမြင့် ၁၈ ပေ အရွယ်ရှိပြီး သွပ်မိုး အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်တွင် ပညာသင်ကြားပေးပါသည်။ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၁%မှာ ဘွဲ့ကြီးကျောင်းထွက်များ ဖြစ်ပါသည်။မူလတန်းကျောင်း အောင်ချက်ရာနှုန်းမြင့်မားပါသည်။ ကျောင်းတွင် ပရိဘောဂ ပြည့်စုံမှုရှိပြီး ကျောင်းသား (၁၁၃)ယောက်တွင် ဆရာ/ဆရာမ (၅)ဦးရှိပြီး ဆရာ/ဆရာမအင်အား လုံလောက်မှုရှိပါသည်။၂၀၁၆ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား/သူများကို ပြဋ္ဌာန်းစာအုပ်များ၊ လေ့ကျင့်ခန်းစာအုပ်များ၊ ကျောင်းဝတ်စုံများကို အခမဲ့ပေးပါသည်။

ကျေးရွာတွင် သားဖွားဆရာမ တစ်ဦးရှိ၍ မိခင်နှင့်ကလေးကျန်းမာရေးအတွက် ကောင်းမွန်သော်လည်း အခြားသော ကျန်းမာရေးအနေဖြင့် ဆေးရုံများ ၊ပုဂ္ဂလိက ဆေးခန်းများအား လက်လှမ်းမှီသော အနေအထားတွင်ရှိပါသည်။

သောက်သုံးရေအတွက် လက်နှိပ်တုံကင်များ၊ မော်တာသုံးတုံကင်များ၊တပ်ဆင်သုံးစွဲမှုရှိပြီး လုံလောက်မှုရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများတွင် အိမ်သာကို အုတ်ဖြင့်ပြုလုပ်ပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါး၊ ယိုင်ပတ်များဖြင့် အသုံးပြုပြပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံ အိမ်သာသုံးစွဲသဖြင့် ယင်ကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါများ ဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း အိမ်သာမှာ စနစ်တကျ အဆင့်မီ ဆောက်လုပ်ထားပြီး ကျောင်းသား/သူများအသုံးပြုရ လွယ်ကူပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

ကျေးရွာတွင် အပန်းဖြေလေ့လာဖတ်ရှုရန် စာကြည့်တိုက်ရှိပါသည်။ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း

ရိုးရာအကများဖြင့် ပါဝင်တင်ဆက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် လူငယ်များပါဝင်မှု အားနည်းကြသည်။

**(ဓ) အခြေခံအဆောက်အအုံ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး**

၂၀၁၅ခုနှစ်တွင် ကျေးရွာတွင်းရှိလမ်းများကို ကိုယ်ထူကိုယ်ထကျောက်ခင်းပါသည်။ကျေးရွာတွင်းရှိလမ်းများမှာ ထော်လာဂျီများ၊လှည်းများ၊ထွန်စက်များ သွားလာအသုံးပြုကြပါသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် ဆိုင်ကယ်(၂၃၂)စီး၊စက်ဘီး(၂၃၉)စီး၊ထော်လာဂျီ (၁၈)စီး၊ ထရပ်ကား(၁)စီး တို့ကိုအသုံးပြုကြပါသည်။ကျေးရွာတွင် လျှပ်စစ်မီးကို ၁၉၉၄ မှစ၍ ဆက်သွယ်ထားပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၄၉%)ခန့်သည် သွယ်တန်းအသုံးပြုပြီး ဖြစ်သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ အင်တာနက် အသုံးပြုမှုမှာ လိုင်းကောင်းမွန်မှု နည်းပါးသည်။ ကျေးရွာတွင် စာကြည့်တိုက် ရှိပြီး အောင်မြင်မှုမရှိပါ။ထိုသို့ မအောင်မြင်မှုမှာ အင်တာနက်အသုံးပြုမှု များပြား ခြင်းကြောင့် ဖြစ်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းဖုန်းကို ဆက်သွယ်အသုံးပြု၍ လိုအပ်သော သတင်းအရင်းအမြစ်များအတွက် ဆက်သွယ်သိရှိနိုင်ပါသည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲခြင်းမရှိပါ။အလွယ်တကူချိတ်ဆက်နိုင်သော မြို့နယ်ရဲစခန်းနှင့် နီးသောကြောင့် ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်း နည်းပါးပါသည်။

**၅။ ဖွံ့ဖြိုးရေး အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ၄၉%ချိတ်ဆက်အသုံးပြုထားပါသည်။ ထို ၄၉%သော အိမ်ထောင်စုများသည် လျှပ်စစ်မီးဖိုဖြင့် ကြော်လှော်ချက်ပြုတ်နိုင်သောကြောင့် ထင်းအသုံးပြုမှု သက်သာ၍ တောပြုန်းတီးမှုကို ကာကွယ်ပေးပါသည်။ကျောင်းသူ ကျောင်းသားများ အတွက် အလင်းရောင်ဖြင့် စာဖတ်နိုင်ပြီး ပညာရေးကို ပိုမိုလေ့လာနိုင်မည်ဖြစ်သည်။လူနေမှု အဆင့်အတန်းမြင့်မားရေးအတွက်လည်း အထောက်အကူပြုပါသည်။အကယ်၍ အိမ်ထောင်စုအားလုံး လျှပ်စစ်မီးကို အသုံးပြုနိုင်မည်ဆိုပါက ပိုမို၍ လူနေမှု အဆင့်အတန်းမြင့်မားလာမည်ဖြစ်ပါသည်။လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၆၉% ခန့်မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်သည်။ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးနိုင်လျှင် လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ အများအားဖြင့် ကောင်းမွန်မှုရှိပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများလည်း အလွယ်တကူ လက်လှမ်းမီနိုင်ပါသည်။စိုးရိမ်ရသော ဆေးဝါးကုသမှုအတွက် ပွင့်ဖြူဆေးရုံသို့ သွားရောက်ကုသမှုခံနိုင်ပါသည်။

ကျေးရွာတွင် သဘာဝအရင်းအမြစ်လယ်မြေများသည် မြေပြန့်ဖြစ်၍ မြေဆီသြဇာအတော်အသင့် ကောင်းမွန်ပါသည်။တောင်သူများသည် လယ်ယာထွက်ကုန်များကို သယ်ယူရာတွင် လယ်ကြားလမ်းနှင့် ရိုးချောင်းတံတားကောင်းမွန်မှုမရှိခြင်းကြောင့် အခက်အခဲရှိပါသည်။ စိုက်ပျိုးရေထုတ်ကုန်ရောင်းချရာတွင် မင်းဘူး-မကွေး-ဆိပ်ဖြူ-ချောက် ကတ္တရာလမ်းနီးသဖြင့် ကျေးရွာထွက်ကုန်များ အချိန်မီ တင်ပို့ရောင်းချနိုင်သည်။မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းမွန်သဖြင့် ကြက်နှင့်ဝက်ကို တပိုင်တနိုင် တွဲဖက်မွေးမြူကြသည်။ကျွန်တော်တို့ရွာတွင် ရာဇဝတ်မှု

ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးဆေးမှုကြောင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာမှ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မတွေ့ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန် မြေလွတ်မြေရိုင်းမရှိပါ။ လက်ရှိစိုက်ပျိုးမြေအားလုံးကို မုန်းချောင်းဆည်ရေကို အသုံးပြုစိုက်ပျိုးကြ ပါသည်။စိုက်ပျိုးရေးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို ဖျက်ပိုးနှိမ်နင်းနိုင်ရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးအတွက် အထောက်အပံ့များ လိုအပ်ပါသည်။ ကျေးရွာတွင် ငွေတိုးချေးသူ အနည်းငယ်ရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားပါသည်။ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပါ။ ချေးငွေလိုအပ်သော အိမ်ထောင်စုများ အနေဖြင့် ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် စာရွက်စာတန်း လိုအပ်ချက်များ ဖြည့်ဆည်းရာတွင် အခက်အခဲများတွေ့ရပါသည်။ ကျေးရွာအတွင်းတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အခက်အခဲရှိပါသည်။ကျေးရွာတွင်း၌ အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများ၊သက်မွေးမှုပညာရပ်များ ထိတွေ့မှု အားနည်းနေပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ ကျေးရွာပြည်သူ့လူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ တဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် ကျေးရွာ၏ စီးပွားရေး အနေအထားကို တိုးတက်စေရမည်ဖြစ်သည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာပြည်သူလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့် ကလေးများ၏ လူသားဆိုင်ရာ စွမ်းရည်နယ်ပယ်ကို ကျယ်ဝန်းလာစေမည်ဖြစ်သည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာပြည်သူလူထုသည် ကျေးရွာတွင် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စု များ ဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရေးမြင့်မားလာမှုမှ တဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ခ.၁) ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အရင်းအနှီးငွေ ၊နည်းပညာနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများ

နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန်ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(၁.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း ၊ဆံပင်ညှပ်၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းနှင့် သံဂဟေဆက်သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများ သည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်များ ချိတ်ဆက်ပေးမည်။

(၁.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရန်ပြီး မူကြိုကျောင်းတွင် ကလေးငယ်များ အတွက် ကစားကွင်းများတိုးချဲ့ဆောက်ရွက်မည်။ပညာရေးဌာနနှင့် ချိတ်ဆက်၍ အလယ်တန်း ရရှိအောင် ဆောင်ရွက်၍ ဘာသာပြဆရာများ ခန့်ထားရေးဆောင်ရွက်မည်။

(၁.၄) ကျေးရွာတွင် ကျေးရွာတွင်းလမ်း၊လယ်ကြားလမ်းနှင့် လယ်ကြားရိုးချောင်းတံတားကို တည်ဆောက်၍ လယ်သမားများ၏ အခက်အခဲကို ဖြေရှင်းဆောင်ရွက်မည်။ တချိန်တည်း တွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်း ကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် အားပေးဆောင်ရွက်မည်။

## ၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် ကုလားပဲ၊မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီ ဖျက်ပိုး ထိရောက်စွာ နှိမ်နင်းရေး အတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ စိုက်ပျိုးရေးသွင်းအားစုအနေဖြင့် ပြင်ပ ပုဂ္ဂလိက ဆိုင်များကို အားကိုးနေရသဖြင့် ဈေးနှုန်းမြင့်မားပြီး ကုန်ကျစရိတ်ကြီးမားပါသည်။

နည်းပညာအသုံးပြုပုံများ၊ပိုးမွှားနှိမ်နင်းရေးနည်းပညာသစ်များရရှိရေးနှင့် သွင်းအားစုများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများ အနေဖြင့် တောင်သူများအား စိုက်ပျိုးရေးချေးငွေထုတ်ချေးခြင်းနှင့် အချို့ကို သမဝါယမများမှ ထုတ်ချေးခြင်းများ ရှိသော်လည်း ဆင်းရဲသားလယ်ယာမဲ့များအတွက် နှစ်ရှည်ချေးငှါးခြင်းမရှိပါသဖြင့် ဘဏ်လုပ်ငန်းရှင်များနှင့် သမဝါယမဦးစီးဌာနများအနေဖြင့် စီစဉ်ဆောင်ရွက် သင့်ပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်း ရှိပါသည်။ သို့သော် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်သတင်းအချက်အလက် လက်လှမ်းမှီမှုတွင် အားနည်းပါသည်။ကျေးရွာ၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲခဲ့ပါသည်။ ကျွန်ုပ်တို့ကျေးရွာမှ အသေးစားလုပ်ငန်းအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင့်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့တစ်စု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲမှုအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရရှိမည်ဖြစ်သည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင် ဈေးမရှိသေးပါ။ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေသန့်ရှင်းရေးစနစ်နှင့် လမ်းစနစ်တကျ ပါဝင်သည့် ဈေးအဆောက်အဦ တစ်ခုတည်ဆောက်ပေးရန် ပါဝင် ဆောင်ရွက်သင့်ပါသည်။ လက်ပန္နယ်ကျေးရွာအပြင် အနီးပတ်ဝန်းကျင်ရွာသူရွာသားများ အချို့အတွက်လည်း အကျိုးခံစားခွင့် ရရှိနိုင်ပါသည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ၅နှစ်တာ စီမံချက်ကာလတွင် ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များ ဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ၅နှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကို ဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှု မရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် ၂နှစ် ၃နှစ်တာ ကာလစီမံချက်များအတွက် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ၅ နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများ ပြောင်းလဲမှု မရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းစီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည့်ကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည် ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Functional Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification) ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်း အသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြား အေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါသည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်ဓါတ်အားလုံလောက်သော Transformer ရရှိရေး | ၃ | ✔ | ✔ | ✔ | ✔ | ✔ |
| ၂ | ကွန်ကရစ်ရိုးတံတားရရှိရေး | ၄ | | ✔ | ✔ | | |
| ၃ | လျှပ်စစ်မီးတိုင်ရရှိရေး | ၇ | ✔ | ✔ | ✔ | | |
| ၄ | ကျေးရွာတွင်းလမ်းများ ကောင်းမွန်စေရေး | ၁ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | ကုန်ထုတ်လမ်းလယ်ကြားလမ်းအား ကျောက်ခင်းလမ်းအဖြစ်ပြုပြင်ရေး | ၅ | ✔ | ✔ | ✔ | ✔ | ✔ |
| ၆ | ကျေးလက်ကျန်းမာရေး အဆောက်အဦ | ၆ | ✔ | ✔ | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ရရှိရေး | | | | | | |
| ၇ | ဆင်းရဲသားအိမ်ထောင်စုများအတွက် နစ်ရှည်ချေးငွေ ရရှိရေး | | | | | | |
| ၈ | စိုက်ပျိုးရေးလုပ်ငန်းအတွက် နစ်ရှည် ချေးငွေရရှိရေး | ၈ | ✔ | ✔ | ✔ | | |
| ၉ | ကျန်းမာရေးအတွက်ဆေးဝါးနှင့် အထောက် အပံ့ရရှိရေး | ၉ | | | ✔ | ✔ | ✔ |
| ၁၀ | မွေးမြူရေးလုပ်ငန်းအတွက် နစ်ရှည်ချေးငွေ ရရှိရေး | ၁၀ | | | | ✔ | ✔ |

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ်ကိုးကားရန် ပမာဏသာဖြစ်သည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင်စီမံချက် ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းချက် ဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

| စဉ် | စီမံချက် | ရန်ပုံငွေ | | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | လျှပ်စစ်ဓါတ်အား လုံလောက်သော Transformer ရရှိရေး | | | | | |
| ၂ | ကွန်ကရစ်ရိုးတံတားရရှိရေး | | | | | |
| ၃ | လျှပ်စစ်မီးတိုင်ရရှိရေး | | | | | |
| ၄ | ကျေးရွာတွင်းလမ်းများ ကောင်းမွန်စေရေး | | | | | |
| ၅ | ကုန်ထုတ်လမ်းလယ်ကြားလမ်းအား ကျောက်ခင်းလမ်းအဖြစ်ပြုပြင်ရေး | | | | | |
| ၆ | ကျေးလက်ကျန်းမာရေး အဆောက်အဦ ရရှိရေး | | | | | |
| ၇ | ဆင်းရဲသားအိမ်ထောင်စုများအတွက် နစ်ရှည်ချေးငွေ ရရှိရေး | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၈ | စိုက်ပျိုးရေးလုပ်ငန်းအတွက် နှစ်ရှည်ချေးငွေရရှိရေး | | | | | |
| ၉ | ကျန်းမာရေးအတွက်ဆေးဝါးနှင့်အထောက်အပံ့ရရှိရေး | | | | | |
| ၁၀ | မွေးမြူရေးလုပ်ငန်းအတွက်နှစ်ရှည်ချေးငွေရရှိရေး | | | | | |

**၁။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း**

**ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်အတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

_ ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

_ စိုက်ပျိုးရေး၊မွေးမြူရေးစသည် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်မှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ဒေသ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ပုဂ္ဂလိက အဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စများတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် မူကြိုကျောင်းပြုပြင်ခြင်းလုပ်ငန်းတွင် ကျောင်းသားမိဘများထံ စေတနာ အလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံ ခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန်သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံး လုပ်ငန်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress)တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးတို့သည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါသည်။(၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်၍ ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။(၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များပေါ်ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်ဆိုင်ရာ တိုးတက်မှု**

- စီမံကိန်း လုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှု အတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

**(၂) ငွေကြေးဆိုင်ရာ တိုးတက်မှု**

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
-(၃)လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်
-ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ ၊ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာအုပ်စု ဥက္ကဋ္ဌ နှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြ ပါမည်။၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများ ပြုပြင် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များကို လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးဆွဲခြင်းအကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်း (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

